၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

သတင်းထုတ်ပြန်ချက်

**မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ ၏ မြန်မာနိုင်ငံအတွက် ဒေသတွင်းသွေးစည်းညီညွတ်မှု ဆက်လက်တည်ရှိခြင်းအပေါ် ဂုဏ်ပြုခြင်းနှင့် ရှေ့ပြေးအသံ၏ အနာဂတ်လုပ်ငန်းစဉ်အား အသိအမှတ်ပြုခြင်း**

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ နှင့် ရှေ့ပြေးအသံ

[ရန်ကုန်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့] - မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် အာရှ-ပစိဖိတ်ဒေသတွင်း သွေးစည်းညီညွတ်ရေး လှုပ်ရှားမှုအား ဆယ်နှစ်ကြာ ဆက်စပ်ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းကို ပြန်ပြောင်းသုံးသပ်ပြီးနောက် မြန်မာ့အရေးပူးပေါင်း ဆောင်ရွက်သူများအဖွဲ့ (Burma Partnership - BP) သည် မိမိတို့အဖွဲ့ကို ရပ်နားကာ 'ရှေ့ပြေးအသံ' ဟူသော လူထုပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးကို အခြေခံသည့် သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး အဖွဲ့သစ်တစ်ခုကို ထူထောင်လိုက်ကြောင်း ယနေ့ ကြေညာခဲ့သည်။

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့သည် မြန်မာနိုင်ငံ နယ်စပ်အခြေစိုက် ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့ကို ၂၀၀၆ ခုနှစ် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (Forum for Democracy in Burma - FDB)၊ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအာရှဖိုရမ် (Asia Human Rights Forum - FORUM-ASIA) နှင့် မြန်မာနိုင်ငံဆိုင်ရာစင်ပြိုင်အာဆီယံကွန်ရက် (Alternative ASEAN Network on Burma - ALTSEAN-Burma) တို့က ကြီးမှူးကျင်းပသည့် "ပြည်သူဦးဆောင်သော ဒီမိုကရေစီ အပြောင်းအလဲအတွက် မြန်မာနိုင်ငံဆိုင်ရာ အာရှ-ပစိဖိတ်ဒေသ ပူးပေါင်းဆောင်ရွက်ရေး" ဒေသဆိုင်ရာ အစည်းအဝေး၌ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဤအစည်းအဝေးကို လွတ်လပ်၍ ဒီမိုကရေစီကျသော မြန်မာနိုင်ငံပေါ်ထွန်းရေးအတွက် ထောက်ခံလုပ်ဆောင်နေကြသည့် ကမ္ဘာတဝှမ်း နိုင်ငံ ၁၆ နိုင်ငံမှ အဖွဲ့အစည်း ၄၇ ဖွဲ့ကို ကိုယ်စားပြုသော ကိုယ်စားလှယ် ၁၀၀ နီးပါး တက်ရောက်ခဲ့သည်။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြည်သူ့စွမ်းအားမြှင့်တင်ရေးဖောင်ဒေးရှင်း (People's Empowerment Foundation – PEF) ဒါရိုက်တာနှင့် BP အလုပ်အဖွဲ့ဝင် ဖိုရမ်-အေးရှားအဖွဲ့၏ အဖွဲ့ဝင်လည်းဖြစ်သော ချာလီဒါ ထားဂျားရွင်စွတ်က "BP ကို တည်ထောင်ဖြစ်ခဲ့တဲ့ အဲဒီ ၂၀၀၆ ခုနှစ်က အစည်းအဝေးဟာ မြန်မာ့အရေး တက်ကြွလှုပ်ရှားသူ မြန်မာတွေနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်နေကြတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာက သွေးစည်းညီညွတ်ရေး မိတ်ဆွေတွေ ပထမဆုံး တွေ့ဆုံဖြစ်တဲ့ ပွဲဖြစ်ပါတယ်။ နောက်ဆုံးမှာ မြန်မာနိုင်ငံ ဒီမိုကရေစီရေး၊ တိုင်းရင်းသား တန်းတူရေး၊ ငြိမ်းချမ်းရေးနဲ့ လူ့အခွင့်အရေးရဖို့ ကြိုးစားဆောင်ရွက်နေကြတဲ့ အာရှ-ပစိဖိတ်ဒေသတွင်း ပြည်သူအားလုံးရဲ့ စုပေါင်း ကြိုးပမ်းမှုတွေကို အားပေးထောက်ခံမယ့် ပြည်သူချင်း

ပူးပေါင်းဆောင်ရွက်တဲ့ သွေးစည်းညီညွတ်ရေးကွန်ရက် ထူထောင်ဖို့ ကျမတို့အားလုံးက သဘောတူခဲ့ကြတယ်” ဟုပြောသည်။ ထိုကွန်ရက်အား စတင်ဖွဲ့စည်းချိန်တွင် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ဟု ခေါ်တွင်ခဲ့ပါသည်။

BP ၏ အလုပ်အဖွဲ့ဝင် နောက်တစ်ဖွဲ့ဖြစ်သော မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (Students and Youth Congress of Burma – SYCB) ၏ အထွေထွေအတွင်းရေးမှူးဟောင်းဖြစ်ပြီး လက်ရှိအကြံပေးပုဂ္ဂိုလ်ဖြစ်သော နော်စန်းက “ဒေသတွင်း သွေးစည်းညီညွတ်ရေး လှုပ်ရှားမှုက ကျနော်တို့ကို ခွန်အားတွေ ပေးခဲ့တယ်။ BP ရဲ့ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုတွေကတစ်ဆင့် နယ်စပ်အခြေစိုက်တဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေး လှုပ်ရှားမှုဟာ စစ်အစိုးရအပေါ် ဖိအားပေးနိုင်ဖို့ နိုင်ငံတကာနဲ့ဒေသတွင်း ထောက်ခံအားပေးမှုတွေ ပိုရခဲ့တယ်” ဟု ပြန်ပြောင်းပြောဆိုခဲ့သည်။

ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ တောင်ကိုးရီးယားနှင့် ဂျပန်တို့မှ နိုင်ငံအလိုက် သွေးစည်းညီညွတ်မှုပြ ညွန့်ပေါင်းအဖွဲ့များ၊ ဒေသတွင်း သွေးစည်းညီညွတ်မှုပြကွန်ရက်များနှင့် နယ်စပ်အခြေစိုက် မြန်မာညွန့်ပေါင်းအဖွဲ့များ ပါဝင်သည့် BP ၏ အလုပ်အဖွဲ့ဝင်များသည် အာရှဒေသတွင်း၌ လည်းကောင်း၊ နိုင်ငံတကာ၌လည်းကောင်း မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုအတွက် ထောက်ခံ အားပေးမှု စုစည်းနိုင်ရန်နှင့် ဒီမိုကရေစီလှုပ်ရှားမှု၏ အသံများကို မြှင့်တင်ပေးနိုင်ရန် မမောမပန်း လုပ်ဆောင်ခဲ့ကြသည်။ အာရှ-ပစိဖိတ် သွေးစည်းညီညွတ်ရေးညွန့်ပေါင်းအဖွဲ့ (Asia Pacific Solidarity Coalition - APSOC) နှင့် မြန်မာနိုင်ငံလွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့-ဖိလစ်ပိုင် (Free Burma Coalition-Philippines - FBC-Philippines) တို့ကို ဦးဆောင်သူ ဂတ်စ် မစ်ကလတ်က “စစ်တပ်ရဲ့ တောက်လျှောက်ကျူးလွန်ခဲ့မှုတွေ၊ ဒီနေ့အထိ တော်တော်များများ ဆက်ပြီး ကျူးလွန်နေတာတွေကို ကြည့်ရင် ကျနော်တို့လို ဒေသတွင်းမိတ်ဆွေတွေက မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ တိုက်ပွဲတွေအတွက် ထောက်ခံအားပေးမှုတွေ သွေးစည်းညီညွတ်မှုတွေ ဆက်လုပ်ပေးဖို့ အင်မတန် လိုအပ်ပါတယ်။ အခု မြန်မာနိုင်ငံက ဒီမိုကရေစီ လမ်းကြောင်းကို သွားနေပြီဆိုတော့ ရှေ့မှာ စိန်ခေါ်မှုတွေ ရှိပေမယ့်လည်း ကျနော်တို့ကတော့ မြန်မာပြည်သူတွေကို ယုံကြည်တယ်။ ကျနော်တို့ရဲ့ မိတ်ဆွေတွေ စစ်မှန်တဲ့ ဒီမိုကရေစီရေး၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနဲ့ တရားမျှတရေးတို့ရအောင် ဆက်လက် တိုက်ပွဲဝင်နေကြရာမှာ ကျနော်တို့က သူတို့နဲ့အတူ ဆက်လက်ရပ်တည်မယ်။ တစ်ချိန်တည်းမှာပဲ ကျနော်တို့ အာဆီယံဒေသထဲက တခြားနိုင်ငံတွေမှာ အခြေခံမူလလွတ်လပ်ခွင့်တွေ ယိုယွင်းပျက်ပြားလာတာ တွေ့နေရတော့ ဒေသတွင်းက ပြည်သူတွေ လူထုအသိုင်းအဝိုင်းတွေရဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ ကျနော်တို့ရဲ့ ဘုံတိုက်ပွဲမှာ မြန်မာမိတ်ဆွေတွေလည်း ကျနော်တို့နဲ့ ပူးပေါင်းပါဝင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟုဆိုသည်။

သတင်းစာရှင်းလင်းပွဲ၌ အမှာစကားပြောကြားသူများက မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စခဲ့သည့် နိုင်ငံရေး အပြောင်းအလဲများအပေါ် လေ့လာတွေ့ရှိချက်များ ထုတ်ဖော်ခဲ့ကြသလို နိုင်ငံတွင်း၌ လည်းကောင်း၊ နယ်စပ်ဒေသများ၌ လည်းကောင်း၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ အနေအထား

ပြောင်းလဲလာမှုကိုလည်း သုံးသပ်ခဲ့ကြသည်။ ယင်းအဖြစ်က BP ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် အဆုံးသတ်ရပ်နားရန် ဦးတည်စေခဲ့ပုံကို BP ၏ တာဝန်ခံ မခင်ဥမ္မာက ယခုလို ထုတ်ဖော်ပြောဆိုသည်။ "မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှု ပုံသဏ္ဍာန် သဘောသဘာဝဟာ ပိုမိုထွေပြားပြီး ကျယ်ပြန့်တဲ့ အဝန်းအဝိုင်းကို ကူးပြောင်းသွားပါပြီ။ ဒါကြောင့် ဒီမိုကရေစီကျပြီး လွတ်လပ်တဲ့ မြန်မာနိုင်ငံပေါ်ထွန်းရေး ကြိုးပမ်းဖို့ ဒေသတွင်း အရပ်ဘက်လူထုအဖွဲ့အစည်းတွေရဲ့ ဗျူဟာမြောက် ဟန်ချက်ညီလှုပ်ရှားမှုအင်အားကို စုစည်းဖို့ အပ်နှင်းထားတဲ့ BP ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေလည်း အဆုံးသတ်ပြီဖြစ်ပါတယ်။"

"ဒါပေမယ့် မြန်မာနိုင်ငံ တကယ့်ကို ဒီမိုကရေစီကျပြီး လွတ်လပ်တဲ့နိုင်ငံ ဖြစ်လာတဲ့အဆင့်ထိ၊ တိုင်းရင်းသား ပြည်သူအားလုံး ဂုဏ်သိက္ခာရှိရှိနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တဲ့အဆင့်၊ သူတို့အခွင့်အရေးတွေကို အစိုးရက ကာကွယ်စောင့်ရှောက်တဲ့ အဆင့်ထိရောက်အောင်လုပ်ဖို့ အများကြီးလိုနေပါသေးတယ်။ ဒါကြောင့် ကျမတို့ဟာ ဒီ ရှေ့ပြေးအသံ (Progressive Voice) ဆိုတဲ့ အဖွဲ့သစ်ကို BP ရပ်နားချိန်မှာ စတင် ထူထောင်လိုက်တာ ဖြစ်ပါတယ်" ဟု သူမက ဆက်ပြောသည်။

ရှေ့ပြေးအသံသည် ပြောင်းလဲနေသည့် နိုင်ငံရေးအခြေအနေနှင့် အရပ်ဘက်လူထုအသိုင်းအဝိုင်းအခင်းအကျင်းတို့အား သုံးသပ်ကာ BP ၏ လက်ရှိအားကောင်းချက်များနှင့် မဟာမိတ်ကွန်ရက်များကို အားပြုကာ အခြေခံလူထုအသံများကို ထင်ဟပ်စေမည့် အခွင့်အရေးကို အခြေခံသော မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရေးရာ လိုအပ်ချက်အား ဖြည့်ဆည်းသွားမည် ဖြစ်ပါသည်။ ရှေ့ပြေးအသံ၏ ယာယီတာဝန်ခံ ကိုအောင်ခိုင်မင်းက "ကျနော်တို့ ရှေ့ပြေးအသံအနေနဲ့ ထိခိုက်လွယ်၊ အဖိနှိပ်ခံ၊ အပစ်ပယ်ခံ အခြေခံလူထုတွေနဲ့ ပြည်တွင်းပြည်ပ မူဝါဒချမှတ်သူတွေကြား ပေါင်းကူးဆက်သွယ်ပေးဖို့ အတွက် လူထုပါဝင်မှုနဲ့ အခွင့်အရေးကို အခြေခံတဲ့ သုတေသနနဲ့ မူဝါဒရေးရာ အကြံပြုတိုက်တွန်းချက်တွေကတစ်ဆင့် အဲ့ဒီဒေသခံ အခြေခံလူထုတွေရဲ့အသံတွေကို မူဝါဒချမှတ်ရာမှာ အလေးထားထည့်သွင်းစဉ်းစားလာအောင် စည်းရုံးလှုံ့ဆော်ဖို့ ရည်ရွယ်ပါတယ်" ဟု ထပ်မံရှင်းပြခဲ့သည်။

BP မှ နှစ်ပေါင်းများစွာ စုဆောင်းခဲ့သော ရင်းမြစ်များမှာ www.burmapartnership.org တွင် ဆက်လက်ရှိနေမည်ဖြစ်ပါသည်။ အနာဂတ်တွင် ထုတ်ပြန်မည့် မူဝါဒသုတေသနအစီရင်ခံစာများ၊ စာတမ်းတိုများ၊ အပတ်စဉ် မြန်မာ့အရေးသုံးသပ်ချက်များကို သိလိုလျှင် www.progressivevoicemyanmar.org တွင် သွားရောက် ဖတ်ရှုနိုင်ပါသည်။


သတင်းအချက်အလက် ထပ်မံသိလိုပါက ဆက်သွယ်ရန်မှာ -

**မခင်ဥမ္မာ**

တာဝန်ခံ၊ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့

+၆၆ (၀) ၈၁ ၈၈၄ ၀၇၇၂၊ khinohmar@burmapartnership.org (မြန်မာ/ အင်္ဂလိပ်)

**ကိုအောင်ခိုင်မင်း**

ယာယီတာဝန်ခံ၊ ရှေ့ပြေးအသံ

+၉၅ (၀) ၉၂ ၆၁၀ ၀၉၉၉၅ akm@burmapartnership.org (မြန်မာ/အင်္ဂလိပ်)

## မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့၏ အလုပ်အဖွဲ့ဝင်များ

### နယ်စပ်အခြေစိုက် မြန်မာညွန့်ပေါင်းအဖွဲ့အစည်းများ

- မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)
- တိုင်းရင်းသားလူငယ်များဖိုရမ် (NYF)
- မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)

### ဒေသတွင်းသွေးစည်းညီညွတ်မှုပြကွန်ရက်များ

- မြန်မာနိုင်ငံဆိုင်ရာ စင်ပြိုင်အာဆီယံကွန်ရက် (ALTSEAN-Burma)
- လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအာရှဖိုရမ် (FORUM-ASIA)
- သွေးစည်းညီညွတ်ရေးညွန့်ပေါင်းအဖွဲ့ (APSOC)

### နိုင်ငံအလိုက်သွေးစည်းညီညွတ်မှုပြညွန့်ပေါင်းအဖွဲ့များ

- ဘားမားကမ်ပိန်း ကိုးရီးယား (BCK)
- မြန်မာနိုင်ငံလွတ်လပ်ရေးညွန့်ပေါင်းအဖွဲ့-ဖိလစ်ပိုင် (FBC-ဖိလစ်ပိုင်)
- မြန်မာနိုင်ငံလွတ်မြောက်ရေး ဟောင်ကောင်ညွန့်ပေါင်းအဖွဲ့ (HKCFB)
- မြန်မာနိုင်ငံဆိုင်ရာ ပြည်သူ့ဖိုရမ် - ဂျပန် (PFB)
- မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသွေးစည်းညီညွတ်ရေးအဖွဲ့ (SIB)/ အာဆီယံပြည်သူလူထုဆိုင်ရာ အင်ဒိုနီးရှားသွေးစည်းညီညွတ်ရေးအဖွဲ့ (SIAP)